**သင်၏ဆေး - Furosemide (ဆီးဆေး) _______ mg**

**<u>ဘာကြောင့် ကျွန်တော်/ကျွန်မ ဤဆေးကိုရရှိပါသနည်း?</u>** သင့်တွင် သွေးတိုးရောဂါရှိသည်။ ကုသမှုမရှိလျှင် သွေးတိုးရောဂါသည် အန္တရာယ်ရှိသည်။ ၎င်းသည် လေဖြတ်ခြင်းများ နှင့် နှလုံးထိခိုက်ခြင်းများကို ဖြစ်ပေါ်စေနိုင်ပါသည်။ ကုသမှုမရှိသည့်သွေးတိုးရောဂါရှိခြင်းကြောင့် သင့်အသက်ဆုံးရှုံးနိုင်ပါသည်။

**<u>နေ့စဉ် ဆေး ၁ လုံး သို့မဟုတ် ၂ လုံးသောက်ပါ။</u>**

ဆေး ၁ လုံး သောက် လျှင်၊ **မနက်တိုင်းတွင် ပထမဦးဆုံးအနေဖြင့် ဆေး ၁ လုံးသောက်ပါ။** ဆေးမသောက်မီ အစာစားရန်မလိုအပ်ပါ။

ဆေး ၂ လုံးသောက်လျှင်၊ **မနက်တိုင်းတွင် ပထမဦးဆုံးအနေဖြင့် ဆေး ၁ လုံးသောက်ပါ။ ၆ နာရီအကြာ တွင် ဒုတိယဆေးကိုသောက်ပါ။** ဆေးမသောက်မီ အစာစားရန်မလိုအပ်ပါ။

**<u>ဤဆေးသောက်သည့်အချိန်တွင် ကျွန်တော်/ကျွန်မ မည်သည့်အရာကိုခံစားရမည်နည်း?</u>**

ဤဆေးသောက်ခြင်းကြောင့် ဘေးထွက်ဆိုးကျိုးများ ရံဖန်ရံခါ ရှိသည်။ ဘေးထွက်ဆိုးကျိုးဟူသည်မှာ ပုံမှန်မဟုတ်သည့်အရာ တစ်ခုခုကို သင်ခံစားရခြင်းဖြစ်သည်။ သင်၏ခန္ဓာကိုယ်သည် ဆေးကိုနေသားကျလာသောအခါ ဘေးထွက်ဆိုး ကျိုးများအချို့မှာ Furosemide (ဆီးဆေး) သောက်ခြင်းကြောင့်ဖြစ်ပေါ်လာ၍ မူးဝေခြင်း၊ ခေါင်းအနည်း ငယ်ကိုက်ခြင်း၊ ခေါင်းကိုက်ခြင်းများ၊ ကြွက်တက်ခြင်းများ နှင့် မအီမသာပျို့အန်ချင်ခြင်းတို့ ပါဝင်နိုင်ပါသည်။

ဘေးထွက်ဆိုးကျိုးများအချို့မှာ မကြာခဏဖြစ်ပေါ်မှုမရှိသော်လည်း ပြင်းထန်နိုင်ပါသည်။ **အင်ပြင်ကွက်ထခြင်း၊ မျက်နှာ၊ နှုတ်ခမ်း၊ လျှာ သို့မဟုတ် လည်ချောင်း ရောင်ကိုင်းလာခြင်း၊ အသက်ရှူရန် ခက်ခဲခြင်း၊ နားကြားမှုလျော့နည်းလာခြင်း၊ ဆီးပမာဏပြောင်းလဲလာခြင်း၊ ဝေဒနာ စပ်ဖျဉ်းဖျဉ်းခံစားရခြင်း၊ လက်မောင်းများ သို့မဟုတ် ခြေထောက်များ နီခြင်း နှင့်/သို့မဟုတ် ရောင်ကိုင်းခြင်းတို့ ဖြစ်ပေါ်ပါက 911 ခေါ်ပါ သို့မဟုတ် အရေးပေါ် ခန်းသို့ချက်ချင်းသွားပါ။**

**<u>နောက်ထပ်မည်သည့်အရာများ ကျွန်တော်/ကျွန်မ သိရန်လိုအပ်ပါသနည်း?</u>**

1. သင်နေကောင်းသော်လည်း ဤဆေးကို သင်နေ့တိုင်းသောက်ရမည်။
2. ဤဆေးကို သင်လတိုင်းပြန်ဖြည့်ရမည်။
3. မတူညီသည့်ဆရာဝန်၏ရုံးခန်း၊ ဆေးခန်း၊ သို့မဟုတ် အရေးပေါ်ခန်းသို့ သင်သွားပြသပါက၊ ၎င်းတို့အား သင့်တွင်သွေးတိုးရောဂါရှိကြောင်းနှင့် Lisinopril သောက်နေကြောင်း ပြောပြပါ။

"ဤအကြောင်းအရာမှာ သတင်းအချက်အလက်အဖြစ်သာ ရည်ရွယ်သည်ဖြစ်သောကြောင့် ဆေးပညာရှင်၏ အကြံပေးချက်အဖြစ် မခံယူသင့်ပေ။ ရောဂါအခြေအနေ သို့မဟုတ် ကုသမှုတို့နှင့် ပတ်သက်သော မည်သည့် မေးခွန်းများကိုမဆိုသင်မေးချင်ပါက သင်၏ဆရာဝန် သို့မဟုတ် အခြားအရည်အချင်းပြည့်မီသော ကျန်းမာရေး ထောက်ပံ့သူ၏အကြံဉာဏ်ကို အမြဲတမ်းရှာဖွေရယူပါ။"